ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇-၂၀၁၈)


# Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ နွားလပိုးကျေးရွာအုပ်စု၊ မော်ချီးစုစည်းကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA)အကျဉ်းချုပ်ဇယား | ၈ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၉ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၁၀ |
| ၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၅ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၇ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၈ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၁၉ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၁ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၂ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၄ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၆ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၂၇ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၂၈ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၂၉ |
| ၂၃။ ကဏ္ဍာအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၃၃ |
| ၂၄။ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၃၅ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၃၇ |

# လွိုင်ကော်မြို့နယ်မြေပုံ



လွိုင်ကော်မြို့နယ်
N
စကေး – ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရွားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



# ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | နွားလပိုးအုပ်စု | နွားလပိုးစံပြ | |
| ၂။ | နွားလပိုးအုပ်စု | နွားလပိုးရွာမ | |
| ၃။ | နွားလပိုးအုပ်စု | ကယန်းကြရူ | |
| ၄။ | နွားလပိုးအုပ်စု | ပဒါးညေး | |
| ၅။ | နွားလပိုးအုပ်စု | လယ်ထွဲရွာဟောင်း | |
| ၆။ | နွားလပိုးအုပ်စု | လယ်ထွဲရွာသစ် | |
| ၇။ | နွားလပိုးအုပ်စု | လင်ဖုံ(အထက်) | |
| ၈။ | နွားလပိုးအုပ်စု | လင်ဖုံ(အောက်) | |
| ၉။ | နွားလပိုးအုပ်စု | ဒေါခေါ်ရူ | |
| ၁၀။ | နွားလပိုးအုပ်စု | မော်ချီးစုစည်း | |
| ၁၁။ | နွားလပိုးအုပ်စု | ၃ မိုင်ပကြံစံပြ | |
| ၁၂။ | နွားလပိုးအုပ်စု | ထီးသူးကူး | |
| ၁၃။ | နွားလပိုးအုပ်စု | ပျားကနဲ | |
| ၁၄။ | နွားလပိုးအုပ်စု | မြေနီကုန်း | |
| ၁၅။ | နွားလပိုးအုပ်စု | ထေးပလော်ရူ | |
| ၁၆။ | နွားလပိုးအုပ်စု | ထီရိ | |
| ၁၇။ | နွားလပိုးအုပ်စု | ကယန်းသာယာ(တောင်) | |
| ၁၈။ | နွားလပိုးအုပ်စု | ကယန်းသာယာ(မြောက်) | |
| ၁၉။ | နွားလပိုးအုပ်စု | သပြေကုန်း | |
| ၂၀။ | နွားလပိုးအုပ်စု | ကျောက်ကြီး(တောင်) | |

လူထုဗဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် ဒုတိယနှစ်စီမံကိန်း မိတ်ဆက်အစည်းအဝေး

(၂၀၁၇-၂၀၁၈) ခုနှစ်

ကျေးရွာအုပ်စုအမည်-**နွားလပိုး** ကျေးရွာအမည်-မော်ချီးစုစည်း ရက်စွဲ ၁၄.၁၀.၂၀၁၇

**၁။ ကျေးရွာသမိုင်းအကြောင်း**

မော်ချီးစုစည်းကျေးရွာသည် လှိုင်ကော်မြို့နှင့်(၆)မိုင်အကွာတွင် တည်ရှိပြီးဧရိယာ အကျယ် အဝန်းမှာ ၆၀.၁၆ ကေကျယ်ဝန်းပါသည်။ ကရင်လူမျိုးအများဆုံးနေထိုင်သော ကျေးရွာဖြစ်ပြီး ကယား နှင့်ဗမာလူမျိုးများလည်း နေထိုင်ကြပါသည်။ ခရစ်ယာန်ဘာသာ အဓိကကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်သူများလည်းရှိပါသည်။ မော်ချီးစုစည်းကျေးရွာကိုယခင်က ပထမဦးဆုံးအနေဖြင့် လယ်ထွဲကျေးရွာမှ ပအိုဝ့်လူမျိုးများကို နေထိုင်ရန်နေရာပေးသော်လည်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် လာရောက်နေထိုင်ကြခြင်းမရှိပေ။ မော်ချီးစုစည်း ကျေးရွာသည် ၁၉၉၆-၁၉၉၇ ခုနှစ်တွင်ဖားဆောင်းမြို့နယ် မော်ချီးဒေသရှိ ကျေးရွာများမှ နိုင်ငံရေးအခြေအနေကြောင့် ရွှေ့ပြောင်းခံထား ရသောပြည်သူများ ၊ မိမိဒေသ နှင့် မိမိ ကျေးရွာ ၊ အိုးအိမ်များကိုစွန့်ပစ်ထွက်ခွာသွားသူ များအတွက် ငြိမ်းရေး အကျိုးတော်ဆောင် ဦးစောဘောနီနှင့် သာသနာ့ခေါင်းဆောင်များနှင့် ရပ်မိရပ်ဖများ၊ တာဝန်ရှိသူများမှ မော်ချီးစစ်ဘေးရှောင် ပြည်သူများအတွက် ပြန်လည်နေရာချထားပေးသော ကျေးရွာဖြစ်သည်။ ဦးစောဘောနီသည် မော်ချီးမှ ကရင်လူမျိုးများအပြင် ကယား၊ ဗမာ စသောလူမျိုးများ ကိုလည်းမခွဲခြားဘဲ မြေနေရာပေးထားပါသည်။ အချို့မှာမြေနေရာသာ ယူထားသော်လည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ရေ ၊ မီး အဆင်မပြေသောကြောင့်လာရောက်နေထိုင်ကြခြင်းမရှိကြပါ။ ၂၀၁၀ ခုနှစ်မှသာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ လျှပ်စစ်မီးများကိုကိုယ်ထူကိုယ်ထ ဆောင်ရွက်လာနိုင်ခြင်းကြောင့် အချို့သောသူများမှာ ကျေးရွာတွင်ပြန်လည်နေထိုင်လာခဲ့ကြပါသည်။ ၂၀၁၀ခုနှစ်နောက်ပိုင်းမှ ကျေးရွာတွင် ဌာနဆိုင်ရာနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများကူညီပေးမှုကြောင့် ကျေးရွာသည်များစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပါသည်။


မော်ချီးစုစည်းကျေးရွာရှိ ကျေးရွာသူ/ကျေးရွာသားများသည် ဖာလာစိုက်ပျိုးခြင်းနှင့် ခဲလုပ်ငန်း လုပ်ကိုင်ခြင်း တို့ကိုမော်ချီးဒေသတွင် သွားရောက်လုပ်ကိုင်ကြပါသည်။ မော်ချီးဒေသ တွင်အလုပ်အကိုင် သွားရောက်လုပ်ကိုင်သူများသောကြောင့် ကျေးရွာတွင်အိမ်ခြေများစွာရှိသော်လည်း လူအနည်းစုသာ ရှိနေခဲ့ပါသည်။ ကျေးရွာရှိနေထိုင်သူများသည် ဖားဆောင်းမြို့နယ် မော်ချီးဒေသ အနီးရှိ ကျေးရွာများ ဖြစ်သော ရွာသဲဒို၊ ကွာခီး၊ ဘူးခို၊ ဖလိုးထီး၊ ကောသူဒိုး၊ လိုခါးလို စသောကျေးရွာများမှပြောင်းရွှေ့ပြီး လာရောက်နေထိုင်သူများဖြစ်ပါသည်။ မော်ချီးဒေသမှ ကျေးရွာလူထုအများစုမှ လာရောက်စုစည်း နေထိုင်ကြသောကြောင့် မော်ချီးစုစည်းကျေးရွာ ဟုခေါ် ကြခြင်းဖြစ်သည်။

## လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့်အကဲဖြတ်လုပ်ငန်းစဉ်( PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁။ | လူမှုရေးအရင်းအမြစ်ပြမြေပုံ (Social Map/ Resource Map) | ၂၀၁၇.၁၀.၁၉ | ရပ်မိ/ရပ်ဖကော်မတီဝင်များ | ၁၄ | ၂၄ | ၃၈ | အိမ်အမျိုးအစားများ၊အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ၊လယ်ယာမြေ၊မြစ်ချောင်း၊ရေတွင်း၊ရေကန်သစ်တောများ |
| ၂။ | ဥစ္စာနေကြွယ်ဝမှုအဆင့်သတ်မှတ်ချက်(Wealth Ranking) | ၂၀၁၇.၁၀.၁၉ | ချမ်းသာ၊အလယ်အလတ်၊နွမ်းပါးအုပ်စု | ၁၄ | ၂၄ | ၃၈ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံ စံနှုန်း များ သတ် မှတ်ခြင်း၊ကျေးရွာသားများနှင့်အများသဘောတူခွဲခြားသတ်မှတ်ခြင်း၊ |
| ၃။ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၂၀၁၇.၁၀.၁၉ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၁၄ | ၂၄ | ၃၈ | အမျိုးသမီးနှင့်အမျိုးသားများ ပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့်ပိုင်ဆိုင်မှု(သို့)အရင်းအမြစ်များကိုသုံးသပ်ခြင်း |
| ၄။ | ရာသီခွင်ပြက္ခဒိန်(Seasonal Calender) | ၂၀၁၇.၁၀.၁၉ | ကော်မတီဝင်၊အမျိုးသမီး၊အမျိုးသားများ | ၁၄ | ၂၄ | ၃၈ | ရာသီဥတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊ မွေးမြူရေးလုပ်ငန်းများ၊ |
| ၅။ | ပင့်ကူအိမ်ကွန်ယက်(SPider Web) | ၂၀၁၇.၁၀.၁၉ | အမျိုးသမီး၊အမျိုးသားများ | ၁၄ | ၂၄ | ၃၈ | အမျိုးသမီး၊အမျိုးသားများ တန်းတူအခွင့်အရေးရရှိမှုနှင့်မရရှိသည့်အကြောင်းအရင်းများ၊ |
| ၆။ | အဖွဲ့အစည်းချိတ်ဆက်ပုံ (venn Diagram) | ၂၀၁၇.၁၀.၁၉ | ကျေးရွာလူမှုဖွံ့ဖြိုးရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာစီထောက်အဖွဲ့ | ၁၄ | ၂၄ | ၃၈ | ကျေးရွာတွင်းရှိ အဖွဲ့ အစည်းများနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအတွက်ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

ကျေးရွာ၏ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်း

မြို့နယ် - လှိုင်ဘွဲ့ ကျေးရွာအုပ်စု - နွားလပိုး ကျေးရွာ - မော်ချီးစုစည်း ရက်စွဲ - ၁၈.၁၀.၂၀၁၇



ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၄

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

မော်ချီးစုစည်းကျေးရွာတွင် အိမ်ခြေ (၆၈) အိမ် ရှိပြီး ကရင်လူမျိုးအများဆုံးနေထိုင်ကြပါသည်။ ကယားလူမျိုး နှင့် ဗမာလူမျိုး များလည်းနေထိုင်ကြပါသည်။ခရစ်ယာန်ဘာသာ အဓိကကိုးကွယ်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်သူများလည်းရှိပါသည်။ ဖလာစိုက်ပျိုးခြင်းလုပ်ငန်းနှင့်ခဲလုပ်ငန်းများကို အဓိကလုပ်ကိုင်ပြီး အသက်မွေးဝမ်းကြောင်းပြုကြသောကျေးရွာဖြစ်ပါသည်။ ကျေးရွာရှိအိမ်ထောင်စုအများစုသည် မော်ချီးဒေသတွင် ရှိသောခြံများတွင် ဖာလာစိုက်ပျိုးခြင်းကို အဓိကသွားရောက်လုပ်ကိုင်ကြပြီးအချို့မှာ မော်ချီးတွင်ခဲတူးခြင်း၊ မော်တော်ယာဉ်လုပ်ငန်း ၊ဈေးဆိုင်ရောင်းခြင်း ၊ ပန်းရံ၊ လက်သမား လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ အချို့မှာ ဘောလခဲမြို့နယ်ရှိ တောင်ယာတွင် နှမ်း၊ ပြောင်း၊ စပါး စသည့် တို့ကိုစိုက်ပျိုးကြပါသည်။ ထို့သို့အခြား ဒေသတွင်သွားရောက်စိုက်ပျိုးရခြင်းမှာ မော်ချီးစုစည်းကျေးရွာ အနီးတွင်လုပ်ကိုင်စားသောက်ရန်အတွက် မြေနေရာမရှိသောကြောင့်ဖြစ်ပါသည်။

ကျေးရွာတွင်စာသင်ကျောင်းနှင့်ဆေးပေးခန်းများမရှိပါ။ ကလေးငယ်များအတွက် မူကြိုကျောင်းသာ ရှိပါသည်။ ကလေးများသည် မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းပညာရပ်များကို အနီးတွင်ရှိသော နွားလပိုးရွာမကျေးရွာရှိ အထက်တန်းကျောင်းတွင် သွားရောက်ပညာသင်ကြားကြပါသည်။ ကျန်းမာရေးနှင့် ပတ်သက်ပြီး ဆေးပေးခန်းမရှိသောကြောင့် အခက်အခဲရှိပါက နွားလပိုးရွာမကျေးရွာရှိ ဆေးခန်းတွင်သာ သွားရောက် ဆေးကုသမှုခံယူကြပါသည်။ အရေးပေါ်ကျန်းမာရေးအခြေအနေနှင့်ကြုံတွေ့ပါက လွိုင်ကော် ဆေးရုံကြီးတွင်သာ သွားရောက်ဆေးကုသမှုခံယူကြပါသည်။ ကျေးရွာအတွင်းရှိလမ်းများမှာ မြေသား လမ်းများသာဖြစ်ပြီးကျောက်ချောလမ်းနှစ်လမ်းရှိပါသည်။ ထိုကျောက်ချောလမ်းကို ကျေးရွာလူထုများမှ ကိုယ်ထူကိုယ်ထဆောင်ရွက်ကြပါသည်။ မြေသားလမ်းများသည် မိုးရာသီတွင် ဗွက်ထူပြီး ရေဝပ်သောကြောင့် ကလေးများကျောင်းသွားရာတွင် အခက်အခဲများရှိပါသည်။ နွေရာသီတွင်ကျေးရွာတွင် ရေတွင်းများမှ ရေများခမ်းသောကြောင့်သောက်သုံးရေ လုံလောက်မှုမရှိပါ။ အချို့မှာ ရေဝယ်ယူသုံးစွဲရပြီး အချို့မှာ နီးစပ်ရာကျေးရွာတွင် သွားရောက်ခပ်ယူသုံးစွဲကြပါသည်။ တစ်ခါတစ်ရံတွင် လူမှုကူညီရေး အသင်းများမှ ကျေးရွာလူထု အတွက် ရေများလာရောက်လှူဒါန်းကြပါသည်။ ကျေးရွာလူထုအများစုမှာ မော်ချီး ဒေသ ရှိခဲကျင်းလုပ်ငန်းကိုသွားရောက်လုပ်ကိုင်ကြသည်။ ထိုသို့သွားရောက် လုပ်ကိုင် ရခြင်းမှာ ဝင်ငွေပို ရရှိခြင်း ကြောင့် ဖြစ်ပါသည်။ ကျေးရွာ၏ သာရေး/နာရေး နှင့် လူမှုရေးများတွင်အမျိုးသား၊ အမျိုးသမီး လူမျိုး ဘာသာမခွဲခြားဘဲအတူတကွလုပ်ဆောင်ကြပါသည်။

# ဥစ္စာဓနအဆင့်ခွဲခြားမှုစံနမူနာပုံစံ

မြို့နယ်-လှိုင်ကော်　　ကျေးရွာအုပ်စု- **နွားလပိုး**　　ကျေးရွာ - **မော်ချီးစုစည်း**　　ရက်စွဲ ၊၁၈.၁၀.၂၀၁၇

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ကား၊ထော်လော်ဂျီ၊ ဆိုင်ကယ် (၂)စီး၊ ဖုန်း၊ တီဗီ၊ ပွဲရုံ၊ ဖာလာခြံ ၊ခဲတွင်း၊ တိုက်အိမ် | ၂၀ | ၃၃.၃% |
| အလယ်အလတ် | သုံးဘီး၊ဆိုင်ကယ်(၁)စီး၊အိမ်ဆိုင်၊ပျဉ်ထောင်အိမ်၊ဖုန်း၊တီဗီ ၊ပန်းရုံ၊ လက်သမား အိမ်ထောင်မိသားစုများ | ၁၅ | ၂၅% |
| ဆင်းရဲ/နွမ်းပါး | ထန်ရုံအိမ်၊စက်ဘီး၊ဆိုင်ကယ်(၁)စီး၊ ဖုန်း၊တီဗီ | ၂၅ | ၄၁.၇% |
| | **စုစုပေါင်း** | ၆၀ | ၁၀၀% |

ပါဝင်ဆွေးနွေးသူ -　　　　　　　　　　မှတ်တမ်းတင်သူ

ကျား -　၁၄　　　　　　　　　　အမည်- ဒေါ်နော်ထူးထူးအောင်

မ　-　၂၄　　　　　　　　　　ရာထူး -လူထုစည်းရုံးရေးမှူး







# ဥစ္စာဓနကြွယ်ဝမှုဇယား သုံးသပ်ချက်

မော်ချီးစုစည်းကျေးရွာ၏ ဥစ္စာဓနကြွယ်ဝမှုကို အဆင့်(၃)ဆင့်သတ်မှတ်ထားကြပါသည်။ အိမ်ခြေနှင့် အိမ်ထောင်စုအရေအတွက်(၆၀)အိမ်ရှိသည့်အနက် အိမ်ခြေ(၂၀)မှာ ချမ်းသာအဆင့် ၊ အိမ်ခြေ(၁၅)မှာ အလယ်အလတ် အဆင့်တွင်ရှိပြီးအိမ်ခြေ(၂၅)အိမ်မှာ ဆင်းရဲအဆင့်တွင်ရှိသည်ဟု သတ်မှတ်ထားကြပါသည်။

ဥစ္စာဓနကြွယ်ဝမှုကို အဆင့်(၃)ဆင့် အနက် ချမ်းသာသောအဆင့်တွင်ရှိသော အိမ်ခြေ (၂၀) အိမ်မှာ ကား၊ ဖာလာခြံ၊ ခဲတွင်း၊ ပွဲရုံ၊ ဆိုင်ကယ် (၂)စီး၊ တီဗီ၊ ဖုန်းစသည့်တို့ကို ပိုင်ဆိုင်ပြီး နေအိမ်အနေအထားမှာ တိုက်အိမ်နှစ်ထပ်ဖြင့်နေထိုင်ကြပါသည်။ အလယ်အလတ်အဆင့်တွင် ရှိသော အိမ်ခြေ (၁၅) အိမ်တွင် ဆိုင်ကယ် (၁)စီး၊ ဖုန်း၊ တီဗီ၊ အိမ်ဆိုင်၊ ပန်းရုံ၊ လက်သမားကျွမ်းကျင်သူများ၊ သုံးဘီး ပိုင်ဆိုင်ထားကြပြီး နေအိမ်အနေ အထားမှာ ပျဉ်ထောင်အိမ်နှင့်သာနေထိုင်ကြပါသည်။ ဆင်းရဲနွမ်းပါးပြီး စားဝတ်နေရေးအဆင်မပြေသော အိမ်ထောင်မိသားစု (၂၅) အိမ်မှာ ဆိုင်ကယ်၊ တီဗီ၊ ဖုန်း၊စက်ဘီး ပိုင်ဆိုင်ကြပြီး နေအိမ်အနေအထားမှာ ထန်းရုံအိမ်ဖြင့်သာနေထိုင်ကြပါသည်။

ဆင်းရဲပြီးနွမ်းပါးရခြင်းနှင့်စားဝတ်နေရေးမပြေလည်သည့် အကြောင်းအရင်းမှာခြံ ပိုင်ဆိုင်မှု နည်းပါးခြင်း၊ အလုပ်အကိုင်အတည် တကျမရှိခြင်းနှင့် အလုပ်လုပ်သူနည်းပြီး မိသားစုဦးရေများခြင်း စသည်တို့ ကြောင့်ဖြစ်ပါသည်။ အချို့သောသူများ မှာလယ်ယာမဝယ်နိုင်ခြင်း နှင့် ရင်းနှီးငွေမရှိခြင်းတို့ကြောင့်စားဝတ်နေရေး မပြေလည်ကြပေ။ ထိုသို့စားဝတ်နေရေးမပြေလည်သောကြောင့် အမျိုးသားများသည် စိုက်ပျိုးရာသီ နားသော အချိန်တွင် ပန်းရုံ၊လက်သမားလုပ်ငန်းများ၊မော်တော်ယဉ်မောင်းခြင်းစသောလုပ်ငန်းများ လုပ်ကိုင်ကြပြီး စားဝတ်နေရေးပြေလည်စေရန် တစ်ဖက်တစ်လမ်းမှ ဝင်ငွေ ရရှိစေရန် ဆောင်ရွက်ဖြေရှင်းခဲ့ကြပါသည်။ ထိုသို့စားဝတ်နေရေးအခက်အခဲများ ကြုံတွေ့သောအခါတွင် အခြားအဆင်ပြေသောသူများထံမှ သွားရောက် ချေးငှားရပြီး နောက်နှစ်သီးနှံပေါ်ချိန် နှင့်စားဝတ်နေရေးအဆင်ပြေမှသာ အကြွေးများ ပြန်လည်ဆပ်ကြရပါသည်။ ရာသီဥတုကောင်းမွန်သောနှစ်တွင် စားဝတ်နေရေးအဆင်ပြေပြီး မိသားစုအတွက်တစ်နှစ်တာ စားဝတ်နေရေး အတွက်လုံလောက်မှုရှိပါသည်။

# ရာသီခွင်ပြ ပြက္ခဒိန်

| အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရာသီဥတု |  |  |  |  |  |  |  |  |  |  |  |  |
| စိုက်ပျိုးရေး | | | ဖလာစိုက်။စပါးစိုက်၊ပြောင်းစိုက်၊ နှမ်းစိုက် ပါင်းလိုက် | | | စပါးရိတ်၊ပြောင်းရိတ်သိမ်း နှမ်းခုတ်၊ဖာလာခူး | | | | | | |
| ဝင်ငွေ | | | | | | | | $$$ | $$$ | $$ | $$ | |
| ထွက်ငွေ | $$ | | $$ | | | | $$ | $$ | $$$ | $$ | $$ | |
| ကျန်းမာရေး | | ဝမ်းပျက်ဝမ်းလျော | | | | | | တုတ်ကွေး နှာစေး၊ချောင်းဆိုး | | | | |
| ပွဲလမ်းသဘင် | | | | | | | သီတင်းကျွတ်ပွဲ | | ခရစ္စမတ်ပွဲ | နှစ်သစ်ကူးပွဲ | | |
| သောက်သုံးရေရရှိမှု | ရေရှားပါးခြင်း | | | | | | | | | | | ရေရှားပါးခြင်း |
| အစားအစာဖူလုံမှု | | | အသီးအရွက်များပေါ်များခြင်း | | | | | | | | | |
| အားလပ်ချိန် | အလုပ်ပါးချိန် | | | | | | | | | | | အလုပ်ပါးချိန် |

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၄

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ရာသီစွင်ပြ ပြက္ခဒိန်

မော်ချီးစုစည်းကျေးရွာ၏အဓိက စိုက်ပျိုးသောသီးနှံမှာ ဖာလာ၊ စပါး၊ နှမ်း၊ ပြောင်းတို့ကို စိုက်ပျိုးကြပါသည်။ ထိုသီးနှံများကို မော်ချီးစုစည်းကျေးရွာအနီးတွင် စိုက်ပျိုးခြင်း မပြုတတ်ဘဲ ဘောလခဲ နှင့် မော်ချီးဒေသအနီးရှိ ကျေးရွာများတွင် သွားရောက်စိုက်ပျိုးကြပါသည်။ ထို့ကြောင့်စိုက်ပျိုးရာသီနှင့် ရိတ်သိမ်းသော ကာလများတွင် အမျိုးသားများသည် လုပ်ငန်းသွားရောက်လုပ်ကိုင်ကြသောကြောင့် ကျေးရွာတွင် ကျောင်းနေ ကလေးငယ်များနှင့် အမျိုးသမီးများသာ ကျေးရွာတွင်ကျန်ရှိနေခဲ့ကြပါသည်။ မေလ၊ ဇွန်လတွင် ဖာလာ၊ ပြောင်း၊ နှမ်း၊ စပါး တို့ကိုစတင်စိုက်ပျိုးကြပြီး ဇူလိုင်လ၊ ဩဂုတ်လများတွင် ပေါင်းလိုက်ကြပါသည်။ အောက်တိုဘာလ၊ နိုဝင်ဘာလတွင် စပါးရိတ်သိမ်းခြင်း၊ နှမ်းခုတ်ခြင်း၊ ပြောင်း၊ ဖာလာခူးခြင်း စသည့်တို့ကိုလုပ်ဆောင်ကြပါသည်။

ဝင်ငွေများအနေဖြင့် စပါး၊ပြောင်း ၊နှမ်း၊ဖာလာ ခူးပြီး ရိတ်သိမ်းပြီးရောင်းသည့်လဖြစ်သော အောက်တိုဘာလနှင့် ဒီဇင်ဘာလတွင် ဝင်ငွေအများဆုံးရရှိသောလဖြစ်ပါသည်။ ကျန်သောလများတွင် နေ့စား အလုပ်များသွားရောက်လုပ်ကိုင်ကြသောကြောင့် ဝင်ငွေအနည်းငယ်ရှိကြပါသည်။ ထွက်ငွေများအနေဖြင့်စိုက်ပျိုးချိန် အတွက်မြေဩဇာများ၊ မျိုးစေ့များဝယ်ရသောအချိန်တွင်ထွက်ငွေပိုများပါသည်။ ကျန်းမာရေးအနေဖြင့် မေလနှင့်ဇွန်လ များတွင် ဝမ်းပျက်ဝမ်းလျှောအဖြစ်များပြီး နိုဝင်ဘာလနှင့် ဒီဇင်ဘာလများတွင်နှာစေးချောင်းဆိုးခြင်းနှင့် တုတ်ကွေး ရောဂါ အဖြစ်များပါသည်။

မော်ချီးစုစည်းကျေးရွာတွင် အဓိကပွဲတော်များအနေဖြင့် ခရစ္စမတ်ပွဲ နှင့် ကရင်နှစ်သစ်ကူးပွဲ စသည့်တို့ကိုအဓိက ကျင်းပကြပါသည်။ ဧပြီလနှင့်မေလတွင် သောက်သုံးရာသီရှားပါးသောကာလဖြစ်သောကြောင့် အချို့မှာရေဝယ်ယူ သုံးစွဲရပြီး အချို့မှာနီးစပ်ရာကျေးရွာတွင်သွားရောက်ရေခပ်ယူသုံးစွဲကြရပါသည်။ စိုက်ပျိုးရာသီနားသောအချိန်တွင် အမျိုးသား များသည် ပန်းရံ၊ လက်သမားလုပ်ငန်းများသွားရောက်လုပ်ကိုင်ကြပြီး အမျိုးသမီးများသည် ကြက်၊ဝက်မွေးမြူခြင်းဖြင့် ဝင်ငွေရရှိအောင်ဆောင်ရွက်ကြပါသည်။ အချို့အမျိုးသမီးများသည် ဟင်းသီးဟင်းရွက်၊ ငါးပိ၊ ငါးခြောက်၊ ခရမ်းချဉ်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ ၊ အဂတ်အထည် စသည်တို့ကို မော်ချီးတွင် သွားရောက် ရောင်းချခြင်းဖြင့် ဝင်ငွေရရှိအောင်ဆောင်ရွက်ကြပါသည်။

# အရင်းအမြစ်သုံးစွဲမှုပုံစံပြဇယား

ကျား　　　　မ　　　　ကျား + မ

- ထော်လော်ဂျီ
- ပန်းရုံ
- လက်သမား

- အပ်ချုပ်စက်
- ချည်ထိုးပန်းထိုး
- ကြက်ဂဏ်မွေးမြူခြင်း
- ဈေးဆိုင်

- ဆိုင်ကယ်
- တောင်ယာ
- ဖာလာခြံ
- စက်ဘီး
- မူကြိုကျောင်း
- ဘုရာကျောင်း
- ကား
- ဖုန်း
- တီဗီ

# အရင်းအမြစ်ထိန်းချုပ်မှု/ဆုံးဖြတ်မှုပုံစံပြဇယား

| ကျား | မ | ကျား + မ |
|---|---|---|
| ထော်လော်ကီ | ကြက်၊ဝက်မွေးမြူခြင်း | ဆိုင်ကယ် |
| ပန်းရံ | မှုကြိုကျောင်း | တောင်ယာ |
| လက်သမား | ချည်ထိုး၊ပန်းထိုး | ဖာလာခြံ |
| ကား | အပ်ချုပ်စက် | ဘုရားကျောင်း |
| | ဈေးဆိုင် | ဖုန်း |
| | | တီဗီ |
| | | စက်ဘီး |


# ပိုင်ဆိုင်မှုသုံးသပ်ချက်

မော်ချီးစုစည်းကျေးရွာရှိအမျိုးသားများသည် စက်ပစ္စည်းများဖြစ်သော ကား၊ထော်လော်ဂျီ၊ ပန်းရံ ၊ လက်သမား စသည့်တို့ကို အမျိုးသားများကသုံးစွဲပြီး အမျိုးသားများကိုယ်တိုင် ထိန်းချုပ်ကြပါသည်။ ထို့သို့အမျိုးသားများသာထိန်းချုပ်သုံးစွဲရခြင်းမှာ အမျိုးသားများသည် စက်ပစ္စည်းနှင့် ပတ်သက်ပြီး ပိုမိုနားလည်ပြီး ပြုပြင်တတ်သောကြောင့်ဖြစ်သည်။ စက်ပစ္စည်းနှင့် ပတ်သက်ပြီးရောင်းဝယ်ရာတွင် အမျိုးသားများ ပိုမိုနားလည်သောကြောင့် အမျိုးသားများကသာဆုံးဖြတ်ကြပါသည်။

အမျိုးသမီးများသည် ကြက် ၊ ဝက် မွေးမြူရေး၊ အပ်ချုပ်စက် ၊ချည်ထိုးပန်းထိုး၊ ဈေးဆိုင် စသည့်တို့ကို သုံးစွဲပြီး အမျိုးသမီးများကိုယ်တိုင် ထိန်းချုပ်ကြပါသည်။ ကျေးရွာရှိ အမျိုးသားများသည် လက်သမား၊ ပန်း ရံ ကျွမ်းကျင်သောသူများရှိပါသည်။ ဆိုင်ကယ်၊ တီဗီ၊ ဖုန်း၊ ဘုရားကျောင်း၊ စက်ဘီး၊တောင်ယာ၊ ဖလာခြံ စသည့်တို့ကို အမျိုးသား နှင့် အမျိုးသမီးအတူတကွ သုံးစွဲပြီး အတူတကွထိန်းချုပ်ဆုံးဖြတ်ကြပါသည်။ ကြက်၊ ဝက်မွေးမြူရေးလုပ်ငန်းများကို အမျိုးသမီးများကသာထိန်းချုပ်သည်သာမက ကြက်၊ဝက်ရောင်းဝယ်ရာတွင် လည်း အမျိုးသမီးများကသာဆုံးဖြတ်ဆောင်ရွက်ကြပါသည်။ထို့ပြင် အမျိုးသမီးများသည် ဟင်းသီးဟင်းရွက်၊ ငါးပိ၊ ငါးခြောက်၊ ခရမ်းချည်သီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ ၊ အဂတ်အထည် စသည့် တို့ကို မော်ချီးဒေသတွင်သွားရောက်ရောင်းချကြပါသည်။

ပိုင်ဆိုင်မှုအများစုကို အမျိုးသားနှင့် အမျိုးသမီးအတူတကွ သုံးစွဲထိန်းချုပ်ကြပါသည်။ ဆုံးဖြတ်ချက်ချရာတွင်လည်း အတူတကွတိုင်ပင်ဆုံးဖြတ်ကြပါသည်။ မော်ချီးစုစည်းကျေးရွာရှိ အိမ်ထောင်စုများ သည် အမျိုးသားဦးဆောင်သော အိမ်ထောင်စုများရှိ သကဲ့သို့ အမျိုးသမီးများဦးဆောင်သော အိမ်ထောင်စုများလည်းရှိပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည်လည်း လယ်ယာ လုပ်ငန်းများ၊ ဈေးဆိုင်လုပ်ငန်းများ၊ ရောင်းဝယ်ခြင်းလုပ်ငန်းများဖြင့် သာအသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ ကျေးရွာရှိ အမျိုးသမီးများအချို့သည် ပြောရဲဆိုရဲမရှိခြင်းနှင့် ဆုံးဖြတ်ချက် ချရာများတွင်အားနည်းနေပါသည်။ အမျိုးသမီးများကို ပိုမိုဦးစားပေးလက်တွဲခေါ်ခြင်းဖြင့် ကျေးရွာ၏လုပ်ငန်းများတွင်ပိုပြီး ပူးပေါင်းပါဝင်လာပြီး ပြောရဲဆိုရဲရှိလာမည်ဖြစ်သည်။

# ပင့်ကူအိမ် သုံးသပ်ချက်ပြပုံ




**ပါဝင်ဆွေးနွေးသူ -**

ကျား - ၁၄

မ - ၂၄

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

## ပင့်ကူအိမ် သုံးသပ်ချက်


မော်ချီးစုစည်းကျေးရွာရှိ အမျိုးသမီးများသည် ဝင်ငွေရရှိမှုအခြေအနေနည်းပြီး အိမ်မှုကိစ္စနှင့်သာ ပိုမိုအချိန်ကုန်ကြသောကြောင့် ကျေးရွာ၏ဖွံ့ရေးလုပ်ငန်းများတွင် ဦးဆောင်မှု၊ ပါဝင်မှုများ အားနည်းသောကြောင့်ဆုံးဖြတ်ချက်ချရာတွင် အားနည်းကြပါသည်။ ထို့သို့အိမ်မှုကိစ္စများ နှင့်သာပိုမို အချိန်ကုန်နေကြသောကြောင့် ဝင်ငွေရသောလုပ်ငန်း များဆောင်ရွက်နိုင်ခြင်းမရှိခြင်းကြောင့် အမျိုးသမီးများ အတွက်ဝင်ငွေရရှိမှုနည်းပါးကြပါသည်။

ကျေးရွာရှိ အမျိုးသားများသည် မော်ချီးဒေသတွင်လုပ်ငန်းသွားရောက်လုပ်ကိုင်ကြသော ကြောင့် ကျေးရွာတွင် အမျိုးသမီးများနှင့် ကလေးငယ်များသာကျန်ရှိသောကြောင့် အမျိုးသမီးများသည် အိမ်မှုကိစ္စကိုရာနှုန်းပြည့်ဆောင်ရွက်ကြရပါသည်။ အမွေရပိုင်ခွင့်တွင် အမျိုးသမီးနှင့် အမျိုးသားတန်းတူ အခွင့်အရေးရရှိကြပါသည်။ ကျေးရွာ၏ သာရေး/နာရေးနှင့်လူမှုရေးများတွင်အမျိုးသားနှင့် အမျိုးသမီး အတူတကွ ပူးပေါင်းဆောင်ရွက်ကြပါသည်။ ကျေးရွာရှိအမျိုးသမီးများသည် အချို့မှာပြောရဲဆိုရဲရှိပြီး အချို့မှာ ပြောရဲဆိုရဲမှုအားနည်းနေကြပါသည်။ ထို့သို့အားနည်းခြင်းကြောင့် ကျေးရွာ၏လုပ်ငန်းများတွင် ဦးဆောင်မှု နှင့်ဆုံးဖြတ်ချက်ချရာတွင် အားနည်းနေကြပါသည်။ အမျိုးသားများကသာဦးဆောင်ပြီး ဆုံးဖြတ်ချက်ချ ကြပါသည်။ အမျိုးသမီးများကို အသိပညာပေးဆွေးနွေးပွဲများနှင့် ရွာ၏လုပ်ငန်းများတွင် အမျိုးသမီးများကိုပိုမို လက်တွဲခေါ်ရမည်ဖြစ်သည်။ ထို့ပြင်အမျိုးသမီးများကို ပိုမိုအားပေးပြီး ပြောရဲဆိုရဲရှိလာစေရန်၊ ဆုံးဖြတ်ချက်များချနိုင်စေရန်နှင့် ဦးဆောင်နိုင်စေရန် ကူညီပံ့ပိုးပြီးအတူတကွ လုပ်ဆောင်သွားရမည် ဖြစ်ပါသည်။


လုပ်အားခဝင်ငွေနှင့်ပတ်သက်ပြီး အမျိုးသားများသည် အခြားဒေသတွင်သွားရောက်အလုပ်လုပ် ကိုင်ကြသောကြောင့် အမျိုးသမီးများထက်ဝင်ငွေပိုများပါသည်။ ဦးဆောင်ခွင့်တွင် အမျိုးသားများသည် အမျိုးသမီးများ ထက် ပိုမိုဦးဆောင်ပြီး ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကြပါသည်။ သို့သော် အချို့နေရာများဖြစ်သော မူကြိုကျောင်းနှင့် ပတ်သက်သောလုပ်ငန်း၊ ကျန်းမာရေးနှင့်ပတ်သက်သော ကိစ္စများတွင်အမျိုးသမီးများက ဦးဆောင် လုပ်ကိုင်ကြပါသည်။ အမျိုးသားများသည် အလုပ်အကိုင်အခွင့် အလမ်းများတွင် အမျိုးသမီးများထက်များပြီး အမျိုးသမီးများသည် အိမ်မှုကိစ္စ နှင့်သာအချိန်ကုန်နေကြသောကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးပါသည်။

# ကျေးရွာနှင့်ချိတ်ဆက်နေသောအဖွဲ့အစည်းများ

ကျေးရွာအတွင်း　　　　　　　　　　ကျေးရွာပြင်ပ



## အဖွဲ့အစည်းများ ချိတ်ဆက်မှု ပြပုံ ( ကျေးရွာအတွင်း/ ကျေးရွာပြင်ပ)




ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၄

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ဗင်းပုံစံသုံးသပ်ချက်

မော်ချီးစုစည်းကျေးရွာတွင် ကျေးရွာအတွင်း အဖွဲ့အစည်းများအနေဖြင့် အမျိုးသမီးအသင်း ၊ အမျိုးသားအသင်း လူငယ်အသင်း ၊ မူကြိုကော်မတီ ၊ ကျန်းမာရေးကော်မတီ ၊ အုပ်ချုပ်ရေးမှူးအဖွဲ့ စသောအဖွဲ့အစည်းများရှိပါသည်။ အမျိုးသား၊အမျိုးသမီး၊လူငယ်အသင်းများသည် သာရေး/နာရေး ၊ဘာသာရေး နှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အတူတကွချိတ်ဆက်ပြီး အလုပ်လုပ်ဆောင်ကြပါသည်။ မူကြိုကော်မတီသည် မူကြိုကျောင်းနှင့်ပတ်သက်သော သန့်ရှင်းရေး ၊ ပြုပြင်ထိန်းသိမ်းရေး စသည်တို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့ ၊ အမျိုးသား /အမျိုးသမီးများအဖွဲ့ စသည်တို့နှင့်ချိတ်ဆက်ပြီး ဆောင်ရွက်ကြသည်။ ကျန်းမာရေးကော်မတီသည် ကျန်းမာရေးရန်ပုံငွေအတွက်တစ်လ တစ်ခါ (၁၀၀၀) ကျပ်ကောက်ခံပြီး ကျန်းမာရေးရန်ပုံငွေထားရှိကြပါသည်။ ရရှိသောရန်ပုံငွေများကို ဆေးရုံတက်ပြီး အမှန်တကယ်လိုအပ်သောသူများကို ကူညီကြပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းများအနေဖြင့် world Vision ၊ Vision Fund ၊ အမျိုးသမီးရေးရာအဖွဲ့၊ မြစိမ်းရောင်အဖွဲ့စသော အဖွဲ့အစည်းများရှိပါသည်၊ world Vision အဖွဲ့သည် ကျေးရွာရှိမူကြိုကျောင်းဆရာမများကို လစာထောက်ပံ့ပေးခြင်း ၊ ကလေးငယ်များကို အာဟာရကျွေးခြင်း စသည်တို့ကူညီပံ့ပိုးပေးပါသည်။ Vision Fund အဖွဲ့သည် ကျေးရွာလူထုများစားဝတ်နေရေး အဆင်ပြေစေရန်အတွက် ချေးငွေများထုတ်ပေးပြီးကူညီပံ့ပေးပါသည်။ အမျိုးသမီးရေးရာအဖွဲ့များသည် ကျေးရွာလူထုများအတွက် ကျန်းမာရေးနှင့်ပတ်သက်ပြီး အသိပညာပေးခြင်း ၊ အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး ဟောပြောဆွေးနွေးအသိပညာပေးခြင်း စသည့်တို့ကိုဆောင်ရွက်ပေးပါသည်။ မြစိမ်းရောင်အဖွဲ့သည်လည်း ကျေးရွာလူထုများမှစားဝတ်နေရေး အဆင်ပြေစေရန်အတွက် ချေးငွေများ ထုတ်ပေးခြင်းဖြင့် ကျေးရွာလူထုများသည်လည်းရရှိသောငွေဖြင့် မွေးမြူရေး၊ စိုက်ပျိုးရေး၊ ဈေးဆိုင်လုပ်ငန်းများ တွင်အသုံးပြုခြင်းဖြင့်ပိုမိုအဆင်ပြေလာခဲ့သည်။ CDD အဖွဲ့သည် ကျေးရွာတွင်ကော်မတီများဖွဲ့ပြီး ထိုကော်မတီများ ကို သင်တန်းများပေးခြင်းနှင့် ကျေးရွာလူထုများနှင့်တွေ့ဆုံကာ အစည်းအဝေးများကျင်းပြီး ကျေးရွာအတွက် အမှန်တကယ်လိုအပ်လျက်ရှိသော လုပ်ငန်းများကိုဖော်ထုတ်ဆွေးနွေးခြင်း ၊ လိုအပ်လျက်ရှိသော လုပ်ငန်းများသည် အကျိုးဝင်သောလုပ်ငန်းဖြစ်ပါကတွက်ချက်ဆောင်ရွက်ပေးခြင်း စသောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းမျာကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

# ကျေးရွာစီ/ထောက်ကော်မတီ ဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

၁။ ဦးဆန်နီ

၂။ ဒေါ်မာရီယာ

**စေတနာ့ဝန်ထမ်း**

၁။ ဦးစောမားနာမူး

၂။ ဒေါ်စဲနီ

**စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ**

၁။ ဦးအဲရိုး

၂။ ဒေါ်မူးရာဇော

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ ဦးဝင်းအောင်

၂။ ဒေါ်စိုးစိုးအောင်

**ဝယ်ယူရေးကော်မတီ**

၁။ ဦးစောလားပေါ်ပွယ်

၂။ ဒေါ်နန်းချော

**ပေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးကော်မတီ**

၁။ ဦးယောဟန်

၂။ ဒေါ်ဆာခရီးဇော

**ငွေစာရင်းကိုင်**

၁။ ဒေါ်နော်ရာဇော

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄


မ - ၂၄

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




**ပါဝင်ဆွေးနွေးသူ -**

ကျား - ၄၃

မ - ၃၃ရာထူး -လူထုစည်းရုံးရေးမှူး

**မှတ်တမ်းတင်သူ**

အမည်- ဒေါ်နော်ထူးထူးအောင်

# အုပ်စုကော်မတီ အဖွဲ့ဝင်များ

| စဉ် | အမည် | ကျေးရွာအမည် |
|---|---|---|
| ၁။ | ဒေါ်ငွေးမိုး | မြေနီကုန်း |
| ၂။ | ဒေါ်မာရိ | ထီးသူးကူး |
| ၃။ | ဦးဘောရယ် | ထေးပလော်ရူ |
| ၄။ | ဒေါ်ငွေးမိုး | ထေးပလော်ရူ |
| ၅။ | ဦးယိုရှု | ပျားကနဲ |
| ၆။ | ဒေါ်ရှားမြာ | ပျားကနဲ |
| ၇။ | ဦးပေါလူ | ၃ မိုင်ပကြံစံပြ |
| ၈။ | ဒေါ်ငါးမြာဂင်း | ၃ မိုင်ပကြံစံပြ |
| ၉။ | ဦးဆန်နီ | မော်ချီးစုစည်း |
| ၁၀။ | ဦးကျော်မင်းသိုက် | နွားလပိုးရွာမ |
| ၁၁။ | ဒေါ်ညိုညိုစန်း | နွားလပိုးရွာမ |
| ၁၂။ | ဒေါ်ညားမြာ | ကယန်းကြရူ |
| ၁၃။ | ဦးဘဲရယ် | နွားလပိုးစံပြ |
| ၁၄။ | ဒေါ်ဘယ်ရောနီကာ | နွားလပိုးစံပြ |
| ၁၅။ | ဦးပန်းစိန် | ပဒါးညေး |
| ၁၆။ | ဒေါ်ခင်စိန် | ပဒါးညေး |
| ၁၇။ | ဦးတီခွန် | လယ်ထွဲရွာသစ် |
| ၁၈။ | ဒေါ်သဇင်ခိုင် | လယ်ထွဲရွာသစ် |
| ၁၉။ | ဦးမောင်ငယ် | လယ်ထွဲရွာဟောင်း |
| ၂၀။ | ဒေါ်ပန်းငွေ | လယ်ထွဲရွာဟောင်း |

| | | |
|---|---|---|
| ၂၁။ | ဦးမြင့်နိုင် | လင်ဖုံ (အောက်) |
| ၂၂။ | ဒေါ်နန်းငဲမူ | လင်ဖုံ (အောက်) |
| ၂၃။ | ဦးသောင်းဖေ | လင်ဖုံ (အထက်) |
| ၂၄။ | ဒေါ်စန်းရင် | လင်ဖုံ (အထက်) |
| ၂၅။ | ဦးကွယ်ရယ် | ဒေါခေါ်ရူ |
| ၂၆။ | ဒေါ်ညေးမြာ | ဒေါခေါ်ရူ |
| ၂၇။ | ဦးဒါးဂီ | ကယန်းသာယာ (တောင်) |
| ၂၈။ | ဦးမောင်နေထိုင်း | အောင်သပြေကုန်း |
| ၂၉။ | ဒေါ်ဆီးကာ | အောင်သပြေကုန်း |
| ၃၀။ | ဦးမီးနို | ကယန်းသာယာ (မြောက်) |
| ၃၁။ | ဒေါ်အန်းဂျလာ | ကယန်းသာယာ (မြောက်) |
| ၃၂။ | ဦးသောင်းဖေ | ကျောက်ကြီး (တောင်) |
| ၃၃။ | ဒေါ်ပြုံးရွှေ | ကျောက်ကြီး (တောင်) |
| ၃၄။ | ဦးစန်းအေး | ထီရိ |
| ၃၅။ | ဒေါ်နန်းဟန်သဲ | ထီရိ |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|---|---|
| ဦး ဆောဖယ်ဘွယ် | | ၀၉၄၄၀၂၇၃၀၃၂ | | ဒေါ်ဖေဒွာထူးထူးအောင် |
| ပြည်နယ်၊တိုင်း~~ဒေသကြီး~~ ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု | | ကျေးရွာ မော်ချီး ရပ်ဥသ်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ကရင်--- | ၅၃ | ဘာသာ (၁) ခရစ်ယာန် | ၅၇ |
| လူမျိုးစု (၂) ---ကယား--- | ၄ | ဘာသာ (၂) ဗုဒ္ဓ------ | ၃ |
| လူမျိုးစု (၃) ---ဗမာ--- | ၃ | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| | | | |
| | | | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၁၇၀ | ၁၈၈ |
| လူမျိုးစု (၁)---ကရင် | ၁၅၂ | ၁၇၃ |
| လူမျိုးစု (၂)---ကယား | ၁၂ | ၇ |
| လူမျိုးစု (၃)---ဗမာ | ၆ | ၈ |
| | | |
| | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၅၂ | ၈ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☐ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| *တ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း (circled) | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည် (circled)/မရှိပါ/မသိပါ World Vision Vision Fund

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင် ၀.၃၅ /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/အခြား

မိုးရာသီတွင်ကြာချိန် ၅ မိနစ် ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/အခြား

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁)

(၂)

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် [illegible] | |
| | လက်မှတ် | နေ့စွဲ ၉.၁၀.၂၀၁၇ |
| လူထုစည်းရုံးရေးမှူး | အမည် ဒေါ်နော်ထူးထူးအောင် | |
| | လက်မှတ် | နေ့စွဲ ၉.၁၀.၂၀၁၇ |

## ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒေါ်နော်ထူးထူးအောင် | | | |
| နေ့စွဲ ၁၈.၁၀.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ဒီးယရိ | ကျေးရွာ မော်ညီးနဲစည် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၈.၁၀.၂၀၁၇ | ၁၈.၁၀.၂၀၁၇ | ၁၄ | ၂၄ | ၃၈ | မြော ၃<br>ကယား ၄<br>ကရင် ၃၁ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၈.၁၀.၂၀၁၇ | ၁၈.၁၀.၂၀၁၇ | ၁၄ | ၂၄ | ၃၈ | မြော ၃<br>ကယား ၄<br>ကရင် ၃၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၀.၁၁.၂၀၁၇ | ၁၀.၁၁.၂၀၁၇ | ၄၃ | ၃၃ | ၇၆ | ကယား ၂၈ ရှမ်း - ၃<br>ကယန်း ၁၂ ကရင် - ၆<br>ပအိုဝ်း ၂၅ မြော - ၂ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၆.၁၂.၂၀၁၇ | ၆.၁၂.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖေါ်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၃.၁.၂၀၁၈ | ၃.၁.၂၀၁၈ | ၁၀ | ၂၄ | ၃၄ | မြော ၂<br>ကယား ၂<br>ကရင် ၃၀ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၃.၁.၂၀၁၈ | ၃.၁.၂၀၁၈ | ၁၀ | ၂၄ | ၃၄ | မြော ၂<br>ကယား ၂<br>ကရင် ၃၀ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၃.၁.၂၀၁၈ | ၃.၁.၂၀၁၈ | ၅ | ၆ | ၁၁ | မြော ၂<br>ကယား ၁<br>ကရင် ၈ |

| | | | | | | |
|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၃-၁-၂၀၁၈ | ၃-၁-၂၀၁၈ | ၅ | ၆ | ၁၁ | ကရင် ၈<br>ကယား ၁<br>ဗမာ ၂ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၃-၁-၂၀၁၈ | ၃-၁-၂၀၁၈ | ၅ | ၆ | ၁၁ | ကရင် ၈<br>ကယား ၁<br>ဗမာ ၂ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၃-၁-၂၀၁၈ | ၃-၁-၂၀၁၈ | ၅ | ၆ | ၁၁ | ကရင် ၈<br>ကယား ၁<br>ဗမာ ၂ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့်အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | |

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ဖော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နော်နော်ထူး ထူးအောင် |

| | | | |
|---|---|---|---|
| နေ့စွဲ ၁၈ - ၁၀ - ၂၀၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဒိုးလယ် | ကျေးရွာ မော်ချီးခုစည်း |

 က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | နွေရာသီတွင် သောက်သုံးရေ မလုံလောက်ခြင်းကြောင့် ကျန်းမာရေး၊ သောက်သုံးရေ | ၁ | နွေရာသီတွင် သောက်သုံးရေ များ လုံလောက်မှု မရှိခြင်း |
| ၂ | ခက်ခဲခြင်း | ၂ | မိသားစုဝင်ငွေမရှိသောကြောင့် ကလေးစာရိတ် မပံ့ပိုးနိုင်ခြင်း။ ကျောင်းအပ်ရန်ခက်ခဲခြင်း |
| ၃ | အလုပ်အကိုင် အတိအကျမရှိခြင်း | ၃ | ရွာတွင်းတွင် မိုးရာသီ၌ သွားလာရန်ခက်ခဲခြင်း |
| ၄ | သွားလာရန်ခက်ခဲခြင်းကြောင့် ကျန်းမာရေး လက်လှမ်းမမှီ၊ နှင့်ပညာရေး အတွက် ခက်ခဲခြင်း | ၄ | ညအချိန်တွင် အမျိုးသမီး များ၊ သွားလာရန် နှင့် ကလေးများ သွားလာရန် အတွက် ခက်ခဲခြင်း |
| ၅ | ကျန်းမာရေး အတွက် အားကစားပြုလုပ်ရန် | ၅ | လူကြီးမိဘ များ နှင့် ကလေးသူငယ်များ ဗဟုသုတ |
| ၆ | နေရာမရှိခြင်း | ၆ | ရရှိရန် အားနည်းခြင်း |
| ၇ | ကျေးရွာလူထု များ အစည်းအဝေး ပြုလုပ်ရန် | ၇ | အမျိုးသမီး များအတွက် အလုပ်အကိုင် |
| ၈ | နေရာခက်ခဲခြင်း | ၈ | အတိအကျ မရှိခြင်း |
| ၉ | ကျေးရွာတွင်း မိုးရာသီတွင် ရေဝပ်သောကြောင့် သွားလာရန်ခက်ခဲခြင်း | ၉ | |
| ၁၀ | ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိရန်ခက်ခဲခြင်း | ၁၀ | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သောက်သုံးရေများ လုံလောက်စွာရရှိရန် | ၁ | သောက်သုံးရေများ လုံလောက်စွာရရှိရန် |
| ၂ | အလုပ်အကိုင် အခွင့်အလမ်း နှင့် အလုပ်အကိုင် အတည်တကျ ရရှိရန် | ၂ | အမျိုးသမီးများအတွက် ဝင်ငွေရရှိသောလုပ်ငန်း ရရှိရန် |
| ၃ | သွားရေး လာရေး အဆင်ပြေလာစေရန် | ၃ | ရွာတွင်းလမ်းများ၊ သွားလာရန်အဆင်ပြေစေရန် |
| ၄ | အားကစားပြုလုပ်ရန်နေရာရရှိရန် | ၄ | ညအချိန် သွားလာရန် အဆင်ပြေစေရန် အတွက် လမ်းမီး ရရှိရန် |
| ၅ | ကျန်းမာရေး အတွက်အချိန်မှီ ကုသနိုင်ရန် | ၅ | ဗဟုသုတရရှိရန်အတွက် စာကြည့်တိုက်ရရှိရန် |
| | အစည်းအဝေးပြုလုပ်ရန်နေရာရရှိရန် | ၆ | အမျိုးသမီးများ အတွက် ဝင်ငွေ ရရှိသော |
| | ရေမဝပ်စေရန် နှင့် တံတား များ ရရှိနိုင်ရန် | ၇ | လုပ်ငန်းများ၊ လုပ်ကိုင်ခွင့် ရရှိရန် |
| | | ၈ | |
| | | ၉ | |
| | | ၁၀ | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ရွာတွင်းလမ်း | က+မ | | |
| ၂ | ရေတွင်းနှင့်ရေမြောင်းကန်တည်ဆောက်ခြင်း | က+မ | | |
| ၃ | လမ်းမီးတပ်ဆင်ခြင်း | မ | | |
| ၄ | ကျေးရွာရိပ်သာ တည်ဆောက်ခြင်း | က | | |
| ၅ | တံတား ပြုပြင်တည်ဆောက်ခြင်း | က | | |
| ၆ | စာကြည့်တိုက် တည်ဆောက်ခြင်း | မ | | |
| ၇ | | | | |
| ၈ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဆေးပေးခန်း တည်ဆောက်ခြင်း | က | |
| ၂ | အိမ်တွင်းမှုသင်တန်း | မ | |
| ၃ | အသိပညာပေးသင်တန်း | မ | |
| ၄ | ကြက်၊ဝက်မွေးမြူရေးလုပ်ငန်း | မ | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဒေါ်မာရီယာ--- လက်မှတ် ---[signature]--- နေ့စွဲ---၁၈.၁၀.၂၀၁၇---

ပထမ အကြိမ် ၊ ဒုတိယ အကြိမ် ........................................ အစည်းအဝေးအစီရင်ခံစာ

| | | | | | |
|---|---|---|---|---|---|
| နေ့ရက် | ၁၈ ၊ ၁၀ ၊ ၂၀၁၇ | အချိန် | | မှ | ထိ |
| နေရာ | ဒိုးမြေတင် | ကျေးရွာအုပ်စု/ကျေးရွာ | | နွားယဉ်း ဒုတ်ရ ၊ မော်ဦး ရှစ်ဝင်း | |
| မြို့နယ် | ကြိုက်ကော် | ပြည်နယ် | | ကယား | |

အစည်းအဝေးအစီအစဉ်

| | |
|---|---|
| ၁ | ဖွင့်ပွဲ ဆောင်ရွက်ခြင်း ၊ လူထုမဟုတ်ပြု စီမံကိန်း မိတ်ဆက် ၊ စီမံကိန်း လက်ဝန်း |
| ၂ | ကျေးရွာ စီမံခန့်ခွဲမှု အဖွဲ့ ပြန်လည်ဖွဲ့စည်းခြင်း ၊ လူမှုဆန်းစစ်ခြင်း |
| ၃ | အခက်အခဲ ၊ မျှော်မှန်းချက် နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် များပြန်လည် အတည်ပြုခြင်း |
| ၄ | နောက်လုပ်ငန်းစဉ် များအား ရှင်းလင်းခြင်း ၊ အကောအကျွယ် နှင့် စံနှုန်းများအား ရှင်းလင်းခြင်း |
| ၅ | အစည်းအဝေး မိတ်သိမ်းခြင်း နှင့် ကျေးရူး တင်စကား ပြောကြားခြင်း |

| ဆွေးနွေးသည့်အကြောင်းအရာများ | ဦးဆောင်ဆွေးနွေးသူ |
|---|---|
| - စီမံကိန်း မိတ်ဆက်ခြင်း နှင့် စီမံကိန်း လက်ဝန်း များအား ပြန်လည်ရှင်းပြခြင်း<br>- သဘောတူဝန်ထမ်း နှင့် ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ အား ပြန်လည်ရွေးချယ်ခြင်း<br>- လူမှုဆန်းစစ်ချက်များအား ပြန်လည်သုံးသပ်ဆွေးနွေးခြင်း<br>- အခက်အခဲ ၊ မျှော်မှန်းချက် နှင့် ပထမနှစ် လက်ဝန်း မှရွေးချယ်ထားသော စီမံကိန်းလုပ်ငန်းခွဲများအား ပြန်လည်ဆွေးနွေးခြင်း | ဒေါ်နော်ထူးထူးအောင် |
| - အကျုံးဝင်သောလုပ်ငန်း ၊ အကောအကျွယ် များ နှင့် စံနှုန်း များအား ရှင်းပြခြင်း | ဒေါ်ခါမြိုးဟန် |

ဆွေးနွေးဆုံးဖြတ်ချက်များ-

ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ ကော်မတီ များ ပထမနှစ် လက်ဝန်းတွင် အတွေ့အကြုံ ရှိပြီဖြစ်သောကြောင့် ကော်မတီ များ မပြောင်းလဲရန် ဆုံးဖြတ်ခဲ့ကြသည်။ သို့သော်လည်း ငွေအာင်းကိုင်မှု ယခုနှစ်တွင် ဆက်လက်လုပ်ဆောင်နိုင်ရန် အခက်အခဲ ရှိသောကြောင့် အရင်းကိုင် ကိုသာ အများ သဘောတူ ထပ်မံရွေးချယ်ခဲ့ကြပါသည်။ စီမံကိန်းလုပ်ငန်းခွဲကို ဆွေးနွေးရာတွင် ပထမနှစ်မှ ဒုတိယနှစ် အတွက် မိုးလေးလေးလုပ်ငန်း မှာ အခြားသောနှ မှ ဆောင်ရွက်ပေးရန် ရှိသဖြင့် ကျေးရွာ အတွက် အမှန်တကယ် လိုအပ်ပြီး ကျေးရွာအတွက် အကျိုးရှိမည့် လုပ်ငန်း ဖြစ်သော ကျောက်ချောလမ်း ခင်းရန် ဆုံးဖြတ်ခဲ့ကြပါသည်။

အကြံပြုချက်များ-

မှတ်တမ်းပြုစုသူ ဒေါ်နော်ထူးထူးအောင်

ရာထူး - လူထုစည်းရုံးရေးမှူး

# ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအနှစ်ချုပ် မှုရင်းအား VPSC တွင် ထားရှိရပါမည်။ အခြားဌာနဆိုင်ရာများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။ MIS Data အဖြစ်သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | ဦးစားပေး | လ/နှစ် | ကျေးရွာမှ တာဝန်ခံသူ(သို့) အုပ်စု | ပြင်ပမှ မည်သူထောက်ပံ့မလဲ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | လူငယ်ရိပ်သာတည်ဆောက်ခြင်း။ | မ ( )<br>ကျား (√ ) | | | |
| | ၂ | စာကြည့်တိုက်အသစ်တည်ဆောက်ခြင်း | မ ( √)<br>ကျား( ) | | | |
| | ၃ | တံတားပြုပြင်တည်ဆောက်ခြင်း | မ ( )<br>ကျား(√ ) | | | |
| | ၄ | ရွာတွင်းလမ်း | မ( √ )<br>ကျာ(√) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | ၁ | အိမ်တွင်းမှုသင်တန်း | မ (√)<br>ကျား( ) | | | |
| | ၂ | အသိပညာပေးသင်တန်း | မ (√ )<br>ကျား( ) | | | |
| | ၃ | မွေးမြူးရေးသင်တန်း | မ (√ )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် ပညာရေး | ၁ | ရေတွင်းနှင့်ရေကန်တည်ဆောက်ခြင်း | မ(√ )<br>ကျား(√) | | | |
| | ၂ | ဆေးပေးခန်းတည်ဆောက်ခြင်း။ | မ( )<br>ကျား(√ ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |

| | | | | | | |
|---|---|---|---|---|---|---|
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | မ ( )<br>ကျား( ) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| ပညာရေး | ၁ | | မ (√ )<br>ကျား(√ ) | | | |
| | ၂ | | မ (√ )<br>ကျား(√ ) | | | |
| | ၃ | | မ ( )<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |
| အခြား | ၁ | | မ (√ )<br>ကျား( √) | | | |
| | ၂ | | မ ( )<br>ကျား( ) | | | |
| | ၃ | လမ်းမီးတပ်ဆင်ခြင်း | မ(√)<br>ကျား( ) | | | |
| | ၄ | | မ ( )<br>ကျား( ) | | | |
| | ၅ | | မ ( )<br>ကျား( ) | | | |
| | | | | | | |

# ဦးစားပေးလုပ်ငန်းအကျဉ်းချုပ်ဇယား

| စဉ် | လုပ်ငန်းအမည် | ဦးစားပေးအဆင့် | အဆိုပြုသူ ( ကျား) | အဆိုပြုသူ (မ) | အဆိုပြုသူ ( ကျား+မ) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁။ | ရွာတွင်းလမ်း | ၁ | | | √ | |
| ၂။ | ရေတွင်းနှင့်ရေကန်တည်ဆောက်ခြင်း | ၂ | | | √ | |
| ၃။ | စာကြည့်တိုက်အသစ်တည်ဆောက်ခြင်း | ၃ | | √ | | |
| ၄။ | လူငယ်ရိပ်သာ တည်ဆောက်ခြင်း | ၄ | √ | | | |
| ၅။ | တံတားပြုပြင်တည်ဆောက်ခြင်း | ၅ | √ | | | |
| ၆။ | ဆေးပေးခန်းအသစ်တည်ဆောက်ခြင်း | ၆ | √ | | | |
| ၇။ | လမ်းမီးတပ်ဆင်ခြင်း | ၇ | | √ | | |
| ၈။ | အိမ်တွင်းမှုသင်တန်း | | | √ | | |
| ၉။ | အသိပညာပေးသင်တန်း | | | √ | | |
| ၁၀။ | မွေးမြူရေးသင်တန်း | | | √ | | |

ပါဝင်ဆွေးနွေးသူ -

ကျား - ၁၄

မ - ၂၄

မှတ်တမ်းတင်သူ

အမည်- ဒေါ်နော်ထူးထူးအောင်

ရာထူး -လူထုစည်းရုံးရေးမှူး

# လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ



